## ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၁,၆၆၁,၉၅၀.၄၈၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၇၄၁,၉၈၃.၂၆၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၄.၈၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂,၀၀၄,၁၆၃.၇၉၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၈၄၂,၇၆၈.၃၅၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၁.၉၅ ဖြစ်ပါသည်။ သာမန် ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် လိုင်စင်စီအချို့မှ အခွန်များအား ဒုတိယ(၃)လပတ်အတွင်း အကြေပေးသွင်းခြင်း၊ ပိုပေးမိငွေမှပြန်ရငွေ၊ ဌာနပိုင်မြေနှင့်အဆောက်အဦငှားရမ်းခရငွေ၊ နိုင်ငံကူးလက်မှတ်လျှောက်လွှာစာအုပ်ရောင်းရငွေ၊ ပျက်စီး၊ ပျောက်ဆုံးမှုအတွက် ဒဏ်ငွေနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခရငွေများပိုမိုရရှိခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆက်စပ်လျက်ရှိသော ရုပ်/သံလွှင့်ကုမ္ပဏီများမှ ရရန်ရှိဝင်ငွေများရရှိခြင်း၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ကျောင်းသုံးပုံနှိပ်လုပ်ငန်း၏ ဝင်ငွေများရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် အပြည်ပြည်ဆိုင်ရာ လေယာဉ်များ မြန်မာပြည်နယ်နိမိတ်အပေါ် ဖြတ်ကျော် ပျံသန်းခြင်းမှရငွေ၊ မိုးလေဝသ၊ဇလဗေဒ၊မြေငလျင်မှတ်တမ်းများ ပိုမိုရောင်းချရခြင်း၊ ငှားရမ်းခရငွေများ၊ နှစ်လဲမှတ်ပုံတင် ဆောင်ရွက်သောယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင်စောင်ရေတိုးတက်ခြင်း၊ ပြင်ပယာဉ်မောင်း/ယာဉ်ပြင် သင်တန်းနှင့် ယာဉ်ကြီးမောင်းသင်တန်းများမှ အိပ်ဆောင်နှင့် စာသင်ဆောင်ငှားရမ်းခများနှင့် 2.6MHz အတွက် YTPမှ တင်ဒါငွေအားသိမ်းယူရရှိခြင်းတို့ကြောင့် ပိုမိုရခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် မြန်မာ့သစ်လုပ်ငန်းမှ အခွန်ရငွေရရှိခြင်း၊ ဖမ်းဆီးသစ် လေလံတင်

ရောင်းချရငွေများရရှိခြင်း၊ ပုဂ္ဂလိကစိုက်ခင်းနှင့် တာဝါတိုင်မြေငှာရမ်းခ၊ ဒဏ်ကြေးငွေနှင့် အခွန်အခရငွေများပိုမိုရရှိခြင်း၊ လစာပိုထုတ်ငွေပြန်လည်ပေးသွင်းခြင်း၊ ပြည်ပအကူအညီရငွေအတွက် ပြည်ပနိုင်ငံများမှ ငွေလွှဲပို့မှုရောက်ရှိခြင်းနှင့် စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်ကြေးများ ပိုမိုရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ရတနာ၊ ရဲတံခွန်၊ ရွှေနှင့်ဇော်တိက စီမံကိန်းများမှ ရေနံနှင့်သဘာဝဓါတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်ခိုင်ကြေး(Royalty)ရငွေသာ ထည့်သွင်းလျာထားခဲ့သော်လည်း Signature Bonus ရငွေများရရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြည်ပသို့သွားရောက် လုပ်ကိုင်သည့် အလုပ်သမားများထံမှ မှတ်ပုံတင်ကြေးနှင့် ဒဏ်ကြေးငွေများပိုမိုရရှိခြင်း၊ မီးဖွားခွင့်အကျိုးခံစားခွင့်ရငွေများရရှိခြင်း၊ သံရုံးဗီဇာခများ၊ နေခွင့်ဗီဇာများ၊ နေခွင့်ရက်ကျော် ဗီဇာခနှုန်းထားများတိုးမြှင့်ခြင်းနှင့် နိုင်ငံခြားမှတ်ပုံတင်ခများ ရရှိခြင်းကြောင့် ပိုမိုရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်ရငွေ၊ ဒဏ်ကြေးငွေ၊ အိမ်ငှားရမ်းခရငွေ၊ မှတ်ပုံတင်ကြေးရငွေ၊ ဘွိုင်လာစစ်ဆေးခရငွေ၊ လျှပ်စစ် စစ်ဆေးခရငွေနှင့် ဝင်းသူဇာအရောင်းဆိုင် အဆောက်အဦ ငှားရမ်းခရငွေများရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မော်တော်ယာဉ်ပါမစ် လျှောက်ထားမှုပိုမိုခြင်း၊ Over Sea ပို့ကုန် သွင်းကုန် လိုင်စင်နှင့်ပတ်သက်သည့်ဆောင်ရွက်ခရငွေ၊ ထုတ်ကုန် သွင်းကုန် မှတ်ပုံတင်ကြေးနှင့် အခွန်သက်သာခွင့်မှတ်ပုံတင်ကြေး များပိုမိုရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ကျိုက်ထို ဟိုတယ်မှ မြေအသုံးချခများရရှိခြင်း၊ လိုင်စင်ဒဏ်ကြေးများရရှိလာခြင်းနှင့် FDI ဟိုတယ် ငှားရမ်းခအတွက် လျာထားခဲ့သည့်အမေရိကန်ဒေါ်လာ Exchange Rate ကွာခြားခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးရမှုနည်းပါးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့်အဆောက်အဦငှားရမ်းခများ လျော့နည်းရရှိခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် မိုးရာသီကာလ ဖြစ်သည့်အတွက် ဖုန်နှင့်ပြတိုက်များသို့ လာရောက်လေ့လာသော နိုင်ငံခြားသားနှင့်

ပြည်တွင်း ဧည့်သည်ဦးရေနည်းပါးခြင်းကြောင့် လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ကျောင်းလခများလွှဲပြောင်းပေးပို့ရခြင်းနှင့် ပစ္စည်းနှင့် လျှောက်လွှာရောင်းရငွေများ လျော့နည်းခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျာထားသည့်အတိုင်းမရရှိခြင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် UNICEFမှ ထောက်ပံ့ရန်ပုံငွေများမရရှိသေးခြင်းနှင့် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ပစ္စည်းဝယ်ယူရေးကိစ္စများဆောင်ရွက်ရန် တင်ဒါလုပ်ငန်းစဉ်များဆောင်ရွက်နေဆဲဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အချို့သံရုံးများတွင် ဒေသခန့်ဝန်ထမ်း အသစ်များထပ်မံခန့်ထားနိုင်ခြင်း၊ ခရီးစရိတ်တွင် ဝန်ထမ်းများ အပြောင်းအရွှေ့ပြုလုပ်ခြင်းနှင့် သံအမတ်ကြီးများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံအရာရှိများ အစည်းအဝေးများတက်ရောက်မှုရှိခြင်း၊ ငှားရမ်းခများ၊ ဓါတ်ဆီဈေးနှုန်းများ၊ တယ်လီဖုန်းခများမြင့်တက်လာခြင်း၊ မော်တော်ယာဉ်ပြင်ဆင်မှုများနှင့် နိုင်ငံတော်ပိုင် သံရုံးအဆောက်အဦ ပြင်ဆင်မှုများဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတကာနှင့်ဆက်ဆံရေးအရ သံတမန်များအား လုပ်ငန်းသဘောအရ လိုအပ်သည့်ဧည့်ခံမှုများ များပြားခြင်းနှင့် ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့အစည်းများမှ ထည့်ဝင်ကြေးများ အချိန်မီတောင်းခံခြင်းကြောင့်ပိုမိုရခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် နိကာယ်အဖြေလွှာများ စာစစ်ခလှူဒါန်းငွေ၊ သက်၈၊တော်ထင်ရှားဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအတွက် ဆွမ်းဆန်တော် လှူဒါန်းငွေ၊ ပါဠိပထမပြန်စာအောင်ဆုနှင့် ဆွမ်းဆန်တော်လှူငွေ၊ ပထမပြန်နှင့်ဓမ္မာစရိယကြီးကြပ်ခများလှူဒါန်းခြင်း၊ ပြည်တွင်းပြည်ပတို့မှ လာရောက်သော ဧည့်သည်တော်များအတွက် ဧည့်ခံစရိတ်များ၊ သာသနာပြု ရဟန်းတော်များနှင့် သီလရှင်များ၊ သာသနာပြုလူပုဂ္ဂိုလ်များ၊ ဘုန်းတော်ကြီး သင်ပညာကျောင်းရှိ ဆရာ/ဆရာမများ အားပိုမိုထောက်ပံ့လှူဒါန်းရခြင်းနှင့် အာဆီယံယဉ်ကျေးမှုအိမ်တွင်ထားရှိမည့် မြန်မာပြခန်းအတွက် မြန်မာပစ္စည်းများ ဝယ်ယူသည့် အသုံးစရိတ်များ သုံးစွဲခဲ့ရခြင်းကြောင့်ပိုမိုရခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ဝန်ထမ်းသစ်များခန့်ထားခြင်းနှင့်

ရာထူးတိုးဝန်ထမ်းများပြားခြင်း၊ ကွင်းဆင်းဝန်ထမ်းများ၏ ခရီးစရိတ်များ သုံးစွဲရခြင်းနှင့် အရာထမ်းများပြည်ပနိုင်ငံများသို့ အစည်းအဝေးနှင့် ပညာ သင်သွားရောက်ရခြင်း၊ စက်သုံးဆီဈေးနှုန်းများမြင့်တက်ခြင်း၊ မော်တော် ယဉ်များနှင့်ဝန်ထမ်းနေအိမ်များပြင်ဆင်ခြင်း၊ သင်တန်းများတိုးမြှင့်ဖွင့်လှစ် ခြင်း၊ အစည်းအဝေးကျင်းပသည့်အကြိမ်ရေများပြားခြင်း နှင့်အချိန်ပိုဆင်း ခြင်းအတွက် ကျွေးမွေးစရိတ်များသုံးစွဲခဲ့ရခြင်းကြောင့် ပိုမိုရခြင်း၊ ဟိုတယ် နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဓါတ်ဆီ၊ ဒီဇယ်ဆီ ဈေးနှုန်းများမြင့် တက်လာခြင်း၊ ပြည်ထောင်စုဝန်ကြီးထံသို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးအတွက် လာရောက်ဆွေးနွေးသော ဂျပန်နိုင်ငံနှင့်ဟန်ဂေရီ နိုင်ငံမှ ခရီးသွားကိုယ်စားလှယ်များအား ဧည့်ခံခဲ့ရခြင်းနှင့် လျာထားချက်တွင် မပါဝင်သည့် Thai Travel Mart ပြပွဲအတွက် ထည့်ဝင်ငွေများ ထည့်ဝင် ခဲ့ရခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းများခန့်အပ်ရန်ကျန်ရှိခြင်း၊ ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးရုံးအဖွဲ့ မှပြည်တွင်းခရီးသွားရောက်မှုနည်းပါးခြင်း၊ နယ်ကျောင်းများသို့သွားရောက် စစ်ဆေးမှုနည်းပါးခြင်း၊ ရုံးအသုံးအဆောင်ပစ္စည်းများ လျော့နည်းဝယ်ယူ ခြင်း၊ ပညာပေးသင်တန်းဖွင့်လှစ်မှုနည်းပါးခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လစာ၊ စရိတ်ချီးမြှင့်ငွေစသည် များ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများ၊လုပ်အားနှင့်ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်နှင့်လုပ်အားခနှင့် ပညာရေးနှင့်လူမှုရေးအသုံးစရိတ်များ လျော့ နည်းခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ဝန်ထမ်းများ ခရီး သွားလာမှုနည်းပါးခြင်း၊ ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ ပညာပေးသင်တန်းနှင့် ပညာသင်စရိတ်များလျော့နည်းခြင်းနှင့် ဧည့်ခံ ကျွေးမွေးစရိတ်များ စိစစ်သုံးစွဲခဲ့ခြင်းကြောင့် လျော့နည်းရခြင်း၊ ဆောက် လုပ်ရေးဝန်ကြီးဌာနတွင် နိုင်ငံခြားတိုင်းပြည်များသို့ ဆွေးနွေးပွဲများနှင့် သင်တန်းများတက်ရောက်မှုနည်းပါးခြင်း၊ မိုးရာသီကာလဖြစ်ခြင်းကြောင့် လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ပစ္စည်းများဝယ်ယူရန်

တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် ကုလသမဂ္ဂ လူသားများ အခြေချနေထိုင်မှု (UN Habitat) သို့ ထည့်ဝင်ကြေးပေးချေမှု မရှိသေးခြင်းတို့ကြောင့်လျော့နည်းရခြင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဝန်ထမ်းများခန့်ထားရန်လျာထားသော်လည်း မခန့်ထားနိုင်ခြင်း၊ နိုင်ငံခြားခရီးစဉ်များလျော့နည်းခြင်းနှင့် ခရီးစရိတ်များ စိစစ်ဆဲဖြစ်သဖြင့် ငွေမထုတ်ယူရသေးခြင်း၊ ရုံးသုံးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုလျော့နည်းခြင်း၊ စက်ကိရိယာ၊ ကွန်ပျူတာ၊ အဲယားကွန်းများနှင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များပြင်ဆင်ရန် စိစစ်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်များ မသုံးစွဲရသေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေအသုံးစရိတ်များ ခွဲဝေပြီးဖြစ်သော်လည်း သုံးစွဲမှုလျော့နည်းနေခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်မှုမရှိသေးခြင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများပြည်တွင်း/ပြည်ပ ခရီးအနည်းငယ်သာ သွားရောက်နိုင်ခြင်းနှင့် အစည်းအဝေးပွဲများ အနည်းငယ်သာပြုလုပ်နိုင်ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ (၃)လပတ်လျာထားချက် ကျပ် ၄၀,၂၄၀.၇၇၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈,၁၁၈.၅၅၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၂၀.၁၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃) လပတ်လျာထားချက် ကျပ် ၈၆၀,၉၉၉.၁၆၉ သန်း ဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၄၆၉,၅၆၁.၉၃၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၄.၅၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ အုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မော်တော်ယာဉ် အပိုပစ္စည်းများရောင်းချရခြင်း၊ စင်ကာပူမြို့ မြန်မာသံရုံးမှ ရုံးသုံးမော်တော်ယာဉ်အားဖျက်စီးခြင်းမှရငွေ၊ တိုကျိုမြို့ မြန်မာသံရုံးဝန်ထမ်းများအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး

အဖွဲ့ Link 64 Co.Ltd (Yangon)၊ မင်္ဂလာဂါးဒင်းဟိုတယ်(ပြည်)နှင့် ပြည်မြို့ဒေသခံများမှ မော်တော်ယာဉ်(၁)စီး လှူဒါန်းခဲ့ခြင်းကြောင့် ပြည်ပအကူအညီရငွေပိုမိုရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် သောက်ရေခပ်(၂) ရေအားလျှပ်စစ် စီမံကိန်းအတွက် ဌာနမှ စိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ် ပဉ္စမအရစ်၊ ဆဋ္ဌမအရစ်၊ သတ္တမအရစ်နှင့် အဋ္ဌမအရစ်အား ရွှေစွမ်းအင် ကုမ္ပဏီလီမိတက်မှ ပြန်လည်ပေးသွင်းခဲ့ခြင်း၊ ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စီမံကိန်းအတွက် ဌာနမှစိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ် တတိယအရစ်အား အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်မှ ပြန်လည်ပေးသွင်းခြင်း တို့ကြောင့်ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် Indegrated Seed Sector Development (ISSD) နှင့် Action Aid အဖွဲ့အစည်းတို့မှ နိုင်ငံခြားငွေပေးပို့လာခြင်းမရှိသေးခြင်းကြောင့် ပြည်ပအကူအညီရငွေများ လျော့နည်းရခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် JICA မှ Grant Aid အဖြစ် ကူညီဆောင်ရွက်ပေးသော ရေဒါစီမံကိန်းအတွက် ငွေတောင်းခံလာခြင်း မရှိသေးခြင်းကြောင့် ပြည်ပအကူအညီရငွေလျော့နည်းရခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် FFPRI မှ ငွေလွှဲပို့မှု မရောက်ရှိခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ပြည်ပကူအညီရငွေများ ရရှိနိုင်မှုမရှိသေးခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် သိုလှောင်ရုံများရောင်းချရန် အဆင့်ဆင့်တင်ပြဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့်လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ရန်ကုန်နည်းပညာတက္ကသိုလ်တွင်ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် Myanmar Technical Development Center 1 အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းမှာ ခန့်မှန်းသည်ထက် လျော့နည်းပြီးစီးသဖြင့် MFTB မှ Claim Bill တောင်းခံလာမှုမရှိသေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသော ကျောင်းသား/ကျောင်းသူအိပ်ဆောင်မှာ ၁၀၀%ပြီးစီးသော်လည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ရငွေနှင့်ပေးငွေစာရင်း ညှိနှိုင်း

ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် ရန်ကုန်တက္ကသိုလ်တွင် ဂျပန်နိုင်ငံအစိုးရမှ ထောက်ပံ့သော ပညာရေးအဆင့်မြှင့်တင်မှုစီမံကိန်းနှင့် သဘာဝဘေးဒုက္ခ၊ ဘေးအန္တရာယ်များကို အလိုက်သင့်တွန်းလှန်နိုင်စွမ်းရှိသော သုတေသန လုပ်ငန်းများ ပူပေါင်းဆောင်ရွက်မှုစီမံကိန်းအရ ထောက်ပံ့သောပစ္စည်းများ ခန့်မှန်းသည်ထက် လျော့နည်းရရှိခြင်းတို့ကြောင့်လျော့နည်းရခြင်း၊ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် PFM Project အတွက် အသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူရငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုး တိုးတက်မှုစီမံချက်အား အကောင်အထည်ဖော်ရန်အတွက် စက်၊ ယာဉ်၊ ယန္တရားများဝယ်ယူရေး ဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် သာကေတ တံတား တည်ဆောက်ခြင်းလုပ်ငန်းအတွက် Construction Feeနှင့် Consultant Fee ပေးချေမှုမရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဈေးဆောက် လုပ်ခြင်းနှင့် ထုတ်ကုန်ဌာနတည်ဆောက်ရန်လျာထားသော်လည်း သံလွင်မြစ် အတွင်း ဈေးသင်္ဘောအဖြစ်ပြောင်းလဲဆောက်လုပ်မည်ဖြစ်ပါသဖြင့် ဆောင် ရွက်နိုင်မှုမရှိသေးသောကြောင့် ပြည်ပအကူအညီရငွေလျော့နည်းရခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပရိတိုးရီးယားမြို့၊ မြန်မာနိုင်ငံသံရုံးမှ သံရုံးနှင့်ဝန်ထမ်းနေအိမ်များ ဆောက် လုပ်ခြင်းအတွက် နဝမအကြိမ်အထိငွေပေးချေခြင်း၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ နိုင်ငံတော်ပိုင်အဆောက်အဦများအား အကြီးစား ပြင်ဆင်မွမ်းမံခြင်း၊ ပြည်ပအကူအညီရငွေဖြင့် ရုံးသုံးမော်တော် ယာဉ်(၁)စီး လက်ခံရရှိခြင်းတို့ကြောင့် ပိုမိုရခြင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန တွင် ရုံးသုံးစက်ကိရိယာများဝယ်ယူရခြင်းနှင့် NRPC (နေပြည်တော်) ပြင် ဆင်မွမ်းမံမှုအသုံးစရိတ်အား ပေးချေရန်ပထမ(၃)လပတ်တွင် လျာထားခဲ့ သော်လည်း ဒုတိယ(၃)လပတ်မှ ပေးချေခဲ့ရခြင်းကြောင့်ပိုမိုရခြင်း၊ သာသနာ ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ

နှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅%ပေးဆောင်ရခြင်း၊ သုံးထပ်ဆွမ်းစားဆောင် အမိုးပြင်ခြင်းနှင့် ကြွေပြား ခင်းခြင်း၊ စက္ကူဂိုဒေါင်အမိုးတပ်ဆင်ခြင်း၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ အဆောက်အဦအဟောင်းပြင်ဆင်/မွမ်းမံခြင်းလုပ်ငန်းအတွက် ပထမအရစ်ပေးချေခြင်းနှင့် မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်းတို့ကြောင့် ပိုမိုရခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တွင် ရာသီချိန်အလိုက်စိုက်ခင်း တည်ထောင်ခြင်းအသုံးစရိတ်များသုံးစွဲရခြင်း တို့ကြောင့်ပိုမိုသုံးစွဲရခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ရုံးအဆောက်အဦဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ငန်းတန်ဖိုး(၉၀%) ပေးချေခြင်းကြောင့် ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂ များနှင့် အခြားအသုံးစရိတ်များအတွက် တင်ဒါခေါ်ယူရေးဆောင်ရွက်နေဆဲ ဖြစ်ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ဘဏ္ဍာရေးနှစ်ကို ကာလပိုင်းခြား၍ တင်ဒါခေါ်ယူခြင်း၊ တည်ဆောက်ရေးလုပ်ငန်း၏ လုပ်ငန်းပြီးစီးမှုပေါ် မူတည်ပြီး အရစ်ကျခွင့်ပြုငွေထုတ်ပေးသဖြင့်လျော့နည်းရခြင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနတွင် တင်ဒါခေါ်ယူဆဲဖြစ်ခြင်းနှင့် စက်ပစ္စည်းများ မရောက်ရှိ သေးခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည် မြောင်းဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စက်ပစ္စည်းများဝယ်ယူရန်တို့အတွက် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ ကမ္ဘာ့ဘဏ် ချေးငွေ၊ အိန္ဒိယချေးငွေ၊ IFAD ချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက်လျာထားငွေအား GRF သို့ ပြန်လည်အပ်နှံခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ ပို့ဆောင်ရေးနှင့်ဆက် သွယ်ရေးဝန်ကြီးဌာနတွင် ရေများချိန်ဖြစ်သောကြောင့် မြစ်ချောင်း ထိန်း သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ ပြည်ပအကူအညီ ရငွေဖြင့်ရရှိမည့် စက်ပစ္စည်းများမရရှိသေးခြင်း၊ မြန်မာဂြိုလ်တုစနစ်စီမံကိန်း

တည်ဆောက်ခြင်းအတွက် ငွေပေးချေရန်ကျန်ရှိခြင်းနှင့် Information Access Center အဆောက်အဦမွမ်းမံပြင်ဆင်ရန် EC တင်ထားဆဲဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် သင်တန်းကျောင်းတွင် သင်တန်းသားအိပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား တင်ဒါခေါ်ယူခဲ့ရာ တင်ဒါအောင်မြင်သည့် တန်ဖိုးမှာ မူလထက်လျော့နည်းခြင်း၊ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူလျက်ရှိသောကြောင့်လျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေနှင့် ချေးမြီရငွေတို့ဖြင့်သုံးစွဲမည့် ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် ပြည်ပအကူအညီရငွေနှင့် ချေးမြီရငွေများမရရှိခြင်းကြောင့် အသုံးစရိတ်လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအရ ငွေပေးချေရခြင်း၊ အချို့တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းကိရိယာများမှာ တင်ဒါခေါ်ယူဆောင်ရွက်နေရခြင်း၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရာတွင် ပစ္စည်းများအပ်နှံမှသာငွေပေးချေရခြင်းတို့ကြောင့်လျော့နည်းရခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူစိစစ်ဆဲဖြစ်ခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် မော်တော်ယာဉ်အကြီးစားပြင်ဆင်ရန် ဗဟိုစက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုမိန့်တောင်းခံနေဆဲဖြစ်ခြင်း၊ PFM Project အတွက် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်စိစစ်နေဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ခြင်း၊ မိုးရာသီကာလဖြစ်သဖြင့် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် မဆောင်ရွက်နိုင်ခြင်း၊ မြေယာလျော်ကြေးပေးချေရန် မြေပိုင် ရှင်များနှင့်ညှိနှိုင်းဆဲဖြစ်ခြင်း၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် မပေးချေရသေးခြင်း၊ ရန်ကုန်ရေအားလျှပ်စစ်ဓါတ်အားပေးရေးကော်ပိုရေးရှင်းသို့ Deposit Work ဖြင့်လုပ်ငန်းများ အပ်နှံဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်မည့်(Pro.poor Community Infrastructure and Basic Service ADB) လုပ်ငန်းမှာ

(Civil Work) လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်သူများနှင့် နောက်ဆုံးအတည်ပြုချက်ရယူခြင်းနှင့် အသေးစိတ်တိုင်းတာဆောင်ရွက်နေဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာ၊ ရုံသုံးပရိဘောဂ၊ ရုံးသုံးယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများအတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေပိုင်းတွင် ဒုတိယ (၃)လပတ်လျာထားချက် ကျပ် ၄၇၅,၆၄၃.၂၉၃ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၃၃၀,၅၄၃.၂၃၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၉.၄၅ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင်ဒုတိယ (၃)လပတ်လျာထားချက် ကျပ် ၁၀၅,၅၆၆.၂၆၉ သန်းဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၂,၄၃၄.၄၆၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၈.၀၉ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေများမှာ ပထမ(၃)လပတ်တွင် ရရှိမည်ဟု ခန့်မှန်းထားသော်လည်း ဒုတိယ(၃)လပတ်တွင်မှ ရရှိခြင်းကြောင့်ပိုမိုရခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ပစ္စည်းများရရှိရေးဆောင်ရွက်လျက်ရှိခြင်းကြောင့် ကြွေမြီရငွေရရှိမှုမရှိခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Detail Engineering Report ရေးဆွဲပြီးဖြစ်သော်လည်း EXIM Bank of India မှ စိစစ်နေဆဲဖြစ်၍ လျော့နည်းရခြင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေမရရှိသေးခြင်းနှင့် Italyမှ ချေးငွေမရရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားမှ စက်ပစ္စည်းများလျာထားသည့်အတိုင်း တင်သွင်းနိုင်မှု မရှိခြင်းကြောင့် လျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ADB ချေးငွေ မရရှိသေးခြင်းကြောင့်လျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ဆော်ဒီချေးငွေ၊ တရုတ်ချေးငွေ၊ EXIM Bank of China နှင့် Shinhan Bank ချေးငွေများအတွက်အရင်းပေးဆပ်ရာတွင် ငွေလဲလှယ်နှုန်း မြင့်တက်လာခြင်းကြောင့်ပိုမိုရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ချေးငွေအပေါ်စေ့ရောက်သည့် အရင်းများကိုပေးချေရခြင်းနှင့် ချေးငွေများပြန်လည်ပေးဆပ်ရာတွင် Exchange Rate ကွာခြားမှုကြောင့် လျာထား ချက်ထက်ပိုမိုရခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင်ဂျာမဏီ (kfw)မှ ပြည်ပအကူအညီရငွေအား သမဝါယမဘဏ်သို့ ထုတ်ချေးငွေအတွက်လျာထားခဲ့သော်လည်း ပြည်ပအကူအညီရငွေ မရရှိသေးခြင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သို့ ထည့်ဝင်ငွေနှင့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်သို့ ထည့်ဝင်ငွေအား ထည့်ဝင်မှုမရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃)လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် ဒုတိယ (၃)လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှု နှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၁၀၄.၈၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၂၀.၁၇ ရာခိုင်နှုန်း ၊ ကြွေးမြီရငွေရရှိမှု ၆၉.၄၅ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၉၅.၅၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေတွင် ဒုတိယ(၃)လပတ်လျာထားချက်ထက်အနည်းငယ်ပိုမိုရရှိကြောင်းတွေ့ရှိရပါသည်။ ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေများ လျာထားချက်ကို ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရ ပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၁.၉၅ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၅၄.၅၄ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၇၈.၀၉ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၈၀.၆၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံးသုံးစွဲနိုင်ကြောင်း တွေ့ရှိရပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

လျှို့ဝှက်



## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၁၉,၆၉၅.၀၀၀ | ၂,၃၉၁.၇၈၉ | +၁၇,၃၀၃.၂၁၁ | ၂၁,၅၉၅.၅၁၃ | ၄,၇၀၆.၉၅၈ | +၁၆,၈၈၈.၅၅၅ | ၁၀၉.၆၅% | ၁၉၆.၈၀% |
| | | စုစုပေါင်း | ၁၉,၆၉၅.၀၀၀ | ၂,၃၉၁.၇၈၉ | +၁၇,၃၀၃.၂၁၁ | ၂၁,၅၉၅.၅၁၃ | ၄,၇၀၆.၉၅၈ | +၁၆,၈၈၈.၅၅၅ | ၁၀၉.၆၅% | ၁၉၆.၈၀% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၁၉,၆၉၅.၀၀၀ | ၂,၂၇၄.၆၀၁ | +၁၇,၄၂၀.၃၉၉ | ၂၁,၅၉၅.၀၈၀ | ၄,၆၄၂.၇၂၉ | +၁၆,၉၅၂.၃၅၁ | ၁၀၉.၆၅% | ၂၀၄.၁၁% |
| | | စုစုပေါင်း | ၁၉,၆၉၅.၀၀၀ | ၂,၂၇၄.၆၀၁ | +၁၇,၄၂၀.၃၉၉ | ၂၁,၅၉၅.၀၈၀ | ၄,၆၄၂.၇၂၉ | +၁၆,၉၅၂.၃၅၁ | ၁၀၉.၆၅% | ၂၀၄.၁၁% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၁၁၇.၁၈၈ | -၁၁၇.၁၈၈ | ၀.၄၃၃ | ၆၄.၂၂၉ | -၆၃.၇၉၆ | | ၅၄.၈၁% |
| | | စုစုပေါင်း | | ၁၁၇.၁၈၈ | -၁၁၇.၁၈၈ | ၀.၄၃၃ | ၆၄.၂၂၉ | -၆၃.၇၉၆ | | ၅၄.၈၁% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁၉,၆၉၅.၀၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၁,၅၉၅.၀၈၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၉.၆၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃)လပတ်လျာထားချက် ကျပ် ၂,၂၇၄.၆၀၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၆၄၂.၇၂၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၀၄.၁၁ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျုံးဝင်မှတ်ပုံတင်သည့်အလုပ်ဌာနတိုးတက်များပြားလာခြင်း၊ အာမခံအလုပ်သမားဦးရေ တိုးတက်လာခြင်းနှင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများမှ စာရင်းစစ် စစ်ဆေးချက်အရ ပြန်လည်ပေးသွင်းငွေများကြောင့် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ အာမခံစနစ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်သောအချက်အလက်များအားကွင်းဆင်း၍ စာရင်းကောက်ယူရခြင်း၊ ဆေးရုံကြီးနှင့်ဆေးခန်းများတွင်လိုအပ်သော ဆေးပစ္စည်းများဝယ်ယူခြင်းနှင့် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်များထုတ်ပေးခြင်းတို့ကြောင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ (၃)လပတ် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၀.၄၃၃ သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်

ကျပ် ၁၁၇.၁၈၈ သန်း ဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှုကျပ် ၆၄.၂၂၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၄.၈၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** စာရင်းစစ် စစ်ဆေးချက်အရ ပြန်လည် ပေးသွင်းငွေများ၊ ရုံးသုံးပန်ကာနှင့် ရုံးသုံးစက်ဘီးအဟောင်းရောင်း ရငွေများ ပြန်လည်ပေးသွင်းခြင်းကြောင့်ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဆေးရုံကြီးနှင့်ဆေးခန်းများတွင် အသုံးပြုရန်အတွက် ဆေးပစ္စည်းကိရိယာများဝယ်ယူရန် လျာထားသော်လည်း တင်ဒါခေါ်ယူနိုင်ရန်စီစဉ်ဆောင်ရွက်နေဆဲဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း။

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၀၉၆.၃၀၀ | ၄,၉၇၀.၆၇၉ | +၁၂၅.၆၂၁ | ၄,၉၈၃.၇၀၉ | ၂,၉၃၃.၅၀၀ | +၂,၀၄၆.၂၀၉ | ၉၇.၇၉% | ၅၉.၁၀% |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၁၇,၀၂၃.၆၄၂ | ၁၇,၂၂၃.၈၃၉ | -၂၀၀.၁၉၇ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၀၉,၂၆၇.၅၆၀ | ၁၃၅,၀၇၀.၂၅၁ | -၂၅,၈၀၂.၆၉၁ | ၁၃၁,၃၄၂.၆၃၄ | ၁၁၁,၀၆၈.၀၉၅ | +၂၀,၂၇၄.၅၃၉ | ၁၂၀.၂၀% | ၈၂.၂၃% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၆၅,၆၃၆.၂၀၇ | ၆၁,၄၆၅.၁၃၈ | +၄,၁၇၁.၀၆၉ | ၈၇,၉၃၂.၈၇၄ | ၆၀,၂၇၂.၉၀၂ | +၂၇,၆၅၉.၉၇၂ | ၁၃၃.၉၇% | ၉၈.၀၆% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၉၃၃,၂၉၈.၈၄၂ | ၉၇၁,၃၄၄.၉၃၂ | -၃၈၀၄၆.၀၉၀ | ၈၉၉,၇၁၅.၆၄၈ | ၁,၂၀၄,၁၁၅.၁၁၂ | -၃၀၄၃၉၉.၆၈၄ | ၉၆.၄၁% | ၁၂၃.၉၇% |
| | ၆ | စက်မှု | ၂၆,၆၅၅.၆၂၉ | ၈၉,၇၇၁.၆၃၂ | -၆၃,၁၁၆.၀၀၃ | ၁၂,၉၅၉.၅၆၆ | ၇၈,၃၇၆.၀၆၀ | -၆၅,၄၁၆.၄၉၄ | ၄၈.၆၂% | ၈၇.၃၀% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၉၆,၀၂၂.၈၀၀ | ၁၂၀,၈၁၇.၈၁၆ | -၂၄,၇၉၅.၀၁၆ | ၁၀၇,၂၈၃.၆၇၁ | ၁၃၂,၀၄၁.၂၄၉ | -၂၄,၇၅၇.၅၇၈ | ၁၁၁.၇၃% | ၁၀၉.၂၉% |
| | | စုစုပေါင်း | ၁,၂၅၃,၀၀၀.၉၈၀ | ၁,၄၀၀,၆၆၄.၂၈၇ | -၁၄၇,၆၆၃.၃၀၇ | ၁,၂၄၄,၂၅၈.၁၀၂ | ၁,၅၈၈,၈၅၁.၁၃၈ | -၃၄၄,၅၉၃.၀၃၆ | ၉၉.၃၀% | ၁၁၃.၄၄% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | **နိုင်ငံတော်ပိုင်စီးပွားရေး** | | | | | | | | |
| | | **အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၀၉၆.၃၀၀ | ၄,၉၂၈.၁၅၃ | +၁၆၈.၁၄၇ | ၄,၉၈၃.၇၀၉ | ၂,၉၁၅.၂၃၄ | +၂,၀၆၈.၄၇၅ | ၉၇.၇၉% | ၅၉.၁၅% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၀,၂၁၃.၆၄၂ | ၁၀,၄၈၈.၉၃၈ | -၂၇၅.၂၉၆ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၃,၆၅၈.၀၇၀ | ၆၃,၇၃၈.၀၄၅ | -၇၉.၉၇၅ | ၁၀၀,၂၀၀.၃၅၀ | ၅၇.၄၉၀.၄၁၁ | +၄၂,၇၀၉.၉၃၉ | ၁၅၇.၄၀% | ၉၀.၂၀% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | ၆၅,၆၂၄.၃၅၇ | ၆၁,၄၀၃.၉၄၃ | +၄,၂၂၀.၄၁၄ | ၈၇.၉၁၆.၇၇၃ | ၆၀,၁၉၁.၉၆၀ | +၂၇.၇၂၄.၈၁၃ | ၁၃၃.၉၇% | ၉၈.၀၃% |
| | | ထိန်းသိမ်းရေး | | | | | | | | |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၉၁၂,၆၅၆.၈၅၇ | ၈၆၄,၇၈၃.၄၆၀ | +၄၇.၈၇၃.၃၉၇ | ၈၅၄.၉၀၄.၇၉၃ | ၁,၀၅၁,၂၂၇.၁၇၅ | -၁၉၆,၃၂၂.၃၈၂ | ၉၃.၆၇% | ၁၂၁.၅၆% |
| | ၆ | စက်မှု | ၂၆,၆၅၅.၆၂၉ | ၅၀,၂၈၆.၂၁၆ | -၂၃,၆၃၀.၅၈၇ | ၁၂,၆၃၇.၆၆၇ | ၃၈,၃၈၂.၂၂၂ | -၂၅.၇၄၄.၅၅၅ | ၄၇.၄၁% | ၇၆.၃၃% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၉၅.၀၇၂.၅၆၉ | ၁၁၆,၉၇၂.၄၆၆ | -၂၁.၇၉၉.၈၉၇ | ၁၀၆,၉၆၇.၂၇၀ | ၁၂၇.၂၄၀.၃၀၀ | -၂၀.၂၇၃.၀၃၀ | ၁၁၂.၃၉% | ၁၀၈.၇၈% |
| | | စုစုပေါင်း | ၁,၁၇၉,၀၇၇.၄၂၄ | ၁,၁၇၂,၆၀၁.၂၂၁ | +၆,၄၇၆.၂၀၃ | ၁,၁၆၇,၆၀၀.၅၆၂ | ၁,၃၃၇.၄၄၇.၃၀၂ | -၁၆၉,၈၃၆.၇၄၀ | ၉၉.၀၃% | ၁၁၄.၀၆% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | မြန်ကြားရေး | | ၄၂.၅၂၆ | -၄၂.၅၂၆ | | ၂၂.၂၆၆ | -၂၂.၂၆၆ | | ၅၂.၃၆% |
| | ၂ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | | ၉၄.၉၀၁ | -၉၄.၉၀၁ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃,၃၄၀.၇၈၈ | ၆၂,၉၀၈.၈၈၀ | -၅၉,၅၆၈.၀၉၂ | ၁,၃၈၁.၀၅၀ | ၄၃,၈၀၃.၂၁၄ | -၄၂,၄၂၂.၁၆၄ | ၄၁.၃၄% | ၆၉.၆၃% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၁.၈၅၀ | ၆၁.၁၉၅ | -၄၉.၃၄၅ | ၁၆.၁၀၁ | ၈၀.၉၄၂ | -၆၄.၈၄၁ | ၁၃၅.၈၇% | ၁၃၂.၂၇% |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | | ၂၆,၃၃၁.၇၁၁ | -၂၆,၃၃၁.၇၁၁ | | ၅၅,၈၀၅.၈၀၆ | -၅၅,၈၀၅.၈၀၆ | | ၂၁၁.၉၃% |
| | ၆ | စက်မှု | | ၉,၂၂၄.၈၂၆ | -၉,၂၂၄.၈၂၆ | ၃၂၁.၈၉၉ | ၇,၀၀၉.၄၉၂ | -၆,၆၈၇.၅၉၃ | | ၇၅.၉၉% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၁၄.၇၄၀ | ၃,၈၄၅.၃၅၀ | -၃,၅၃၀.၆၁၀ | | ၆,၀၃၈.၈၆၉ | -၆,၀၃၈.၈၆၉ | | ၁၅၇.၀၄% |
| | | စုစုပေါင်း | ၃,၆၆၇.၃၇၈ | ၁၀၂,၅၀၉.၃၈၉ | -၉၈,၈၄၂.၀၁၁ | ၁,၇၁၉.၀၅၀ | ၁၀၂,၇၆၀.၅၈၉ | -၁၀၁,၀၄၀.၅၃၉ | ၄၆.၈၇% | ၁၀၀.၀၀% |

## ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၇-၂၀၁၈ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၆,၈၁၀.၀၀၀ | ၆,၆၄၀.၀၀၀ | +၁၇၀.၀၀၀ | | | | | |
| | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၂,၂၆၈.၇၀၂ | ၈,၄၂၃.၃၂၆ | +၃၃,၈၄၅.၃၇၆ | ၂၉,၇၆၁.၂၃၄ | ၉,၇၇၄.၄၇၀ | +၁၉,၉၈၆.၇၆၄ | ၇၀.၄၁% | ၁၁၆.၀၄% |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၅ | လျှပ်စစ်နှင့်စွမ်းအင် | ၂၀,၆၄၁.၉၈၅ | ၈၀,၂၂၉.၇၆၁ | -၅၉,၅၈၇.၇၇၆ | ၄၄,၈၅၀.၈၅၅ | ၉၇,၁၂၂.၃၅၁ | -၅၂,၂၇၁.၄၉၆ | ၂၁၇.၂၈% | ၁၂၁.၀၆% |
| | ၆ | စက်မှု | | ၃၀,၂၆၀.၅၉၀ | -၃၀,၂၆၀.၅၉၀ | | ၃၂,၉၈၄.၃၄၆ | -၃၂,၉၈၄.၃၄၆ | | ၁၀၉.၀၀% |
| | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၅၃၅.၄၉၀ | | +၅၃၅.၄၉၀ | ၃၁၆.၄၀၁ | -၁,၂၃၇.၉၂၀ | +၁,၅၅၄.၃၂၁ | ၅၉.၀၉% | |
| | | စုစုပေါင်း | ၇၀,၂၅၆.၁၇၈ | ၁၂၅,၅၃၃.၆၇၇ | -၅၅,၂၇၇.၄၉၉ | ၇၄,၉၂၈.၄၉၀ | ၁၃၈,၆၄၃.၂၄၇ | -၆၃,၇၁၄.၇၅၇ | ၁၀၆.၆၅% | ၁၁၀.၄၇% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
# ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်ရငွေ၊သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် သာမန်ရငွေအပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်ကျပ် ၁,၁၇၉.၀၇၇ ဘီလီယံအနက် ကျပ် ၁,၁၆၇.၆၁၁ ဘီလီယံရရှိခဲ့ပြီး ရာခိုင်နှုန်း ၉၉.၀၃ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၁၇၂.၆၀၁ ဘီလီယံအနက် ကျပ် ၁,၃၃၇.၄၄၇ ဘီလီယံ သုံးစွဲခဲ့၍ ၁၁၄.၀၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေ ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်−

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် Minimum Gaurantee နှင့် အမြတ်ဝေစုပိုမိုရရှိခြင်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတွင် စာပို့ခနှုန်းထားများ တိုးမြှင့်လာခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ပြည်ပစာပို့ခများ ပိုမိုရရှိခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင်ပြည်ပဝင်ငွေအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းနှင့် ပြည်တွင်းသို့ သစ်လုံးသစ်ခွဲသားများရောင်းချရာတွင် အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်းကြောင့်ဈေးနှုန်းပိုမိုရရှိခြင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းသည် ဖက်စပ်လုပ်ငန်းများမှ အမြတ်ဝေစုများ ၊ အဆင့်နိမ့်သတ္တု ရောင်းချရငွေနှင့် ငှါးရမ်းခ ရငွေများ ပိုမို ရရှိခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် လျာထားချက်တွင် မပါဝင်သည့် တင်ဒါခေါ်ယူထားသော သတ္တုများရောင်းချနိုင်ခြင်း၊ ရွှေစင်ဖိုးကြွေးကျန်များ ရရှိခြင်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် လျာထားချက်၌ လျာထားခြင်းမရှိသော Myanmar Pearl Auction (August - 2017) ရတနာပြပွဲမှ ပုလဲရောင်းရငွေများရရှိခြင်းကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေ၊ ကာလတိုချေးငွေများမှအတိုးရငွေနှင့် ကော်မရှင်ခရငွေများ၊ အာမခံထားသူများ ပိုမိုလာခြင်းကြောင့် အာမခံရငွေများ လျာထားချက်ထက် ပိုမိုရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** စက်မှုဝန်ကြီးဌာနတွင် လတ်တလောရပ်ဆိုင်းထားသည့် စက်ရုံများမှကုန်ထုတ်လုပ် ရောင်းချနိုင်မှုမရှိခြင်း၊ လက်ကျန်ကုန်ချောများကိုသာရောင်းချရခြင်း၊ကုန်ပစ္စည်းများလျာထားသည်ထက်လျော့နည်းရောင်းချရခြင်း၊ အမှာစာရရှိသည့် ထုတ်ကုန်များကိုသာ ထုတ်လုပ်ရောင်းချရခြင်း၊ လက်ငင်းရောင်းချရမှုလျော့နည်းခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် ကုန်ကြမ်းဝယ်ယူခြင်းတွင် Gas ဘိုးများပေးချေခြင်း၊ ထုတ်လုပ်မှုစရိတ်တွင် Gas Engine ငှားရမ်းခနှင့် အတိုးပေးချေခြင်းတို့တွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် လုပ်ငန်းလိုအပ်ချက်အရ ပစ္စည်းဝယ်ယူမှုများပြားနေခြင်း၊ ငွေကြေးစရိတ်တွင် ပြည်ပချေးငွေများဖြစ်သော CDB Loan (Euro) နှင့် CDB Loan (RMB)အတွက် အတိုးပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့်ပိုမိုခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ကုန်ကြမ်းဝယ်ယူခြင်းတွင် ပထမ(၃)လအတွင်း ဝယ်ယူခဲ့သည်များကို ဒုတိယ(၃) လပတ်တွင်မှ ပေးချေရခြင်းတို့ကြောင့် ပိုမိုသုံးစွဲခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင်ပင်စင်ထုတ်ယူသူများသည်(၃)လတစ်ကြိမ်၊(၆)လတစ်ကြိမ်မှသာ ထုတ်ယူသည့် ပင်စင်စားဦးရေများပြားခြင်းကြောင့်ပိုမိုခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် စရိတ်များအပြီးသတ်ပေးချေရခြင်း၊ အာမခံလျော်ကြေးတောင်းခံငွေများပြားခြင်းကြောင့်ပိုမိုခြင်းနှင့် အာမခံပရီမီယံ ဝင်ငွေများတိုးလာခြင်း ကြောင့် ကုန်သွယ်လုပ်ငန်းခွန် ပိုမိုပေးဆောင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်းဖြစ်ပါသည်။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် သတင်းထောက်များ၊ အရာထမ်း၊ အမှုထမ်းများတာဝန်ထမ်းဆောင်ရာတွင် ခရီးသွားလာမှုလျော့နည်းခြင်း၊ ပင်စင်လစာထုတ်ယူသည့်ဦးရေလျော့နည်းခြင်း၊ သတင်းစာတိုက်များရှိ ပုံနှိပ်စက်များလည်ပတ်ရာတွင် ကုန်ကျသောဓာတ်အားခစရိတ်များမှာ ငွေတောင်းခံလွှာနောက်ကျနေခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနတွင် လတ်တလောရပ်ဆိုင်းထားသည့် စက်ရုံများကြောင့်ကုန်ကြမ်း ပစ္စည်းဝယ်ယူခြင်း၊ ထုတ်လုပ်မှုနှင့်သက်ဆိုင်သော အသုံးစရိတ်များလျော့နည်းခြင်း၊ လက်ကျန်ကုန်ချောများကိုသာ ရောင်းချရသဖြင့်

ကုန်သွယ်လုပ်ငန်းခွန် လျော့နည်းပေးဆောင်ရခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် မဖြစ်မနေလိုအပ်သော ပြုပြင်မှုများကိုသာ ပြုလုပ်ခဲ့ခြင်း၊ ခရီးစရိတ်နှင့် ညှော့ခံစရိတ်များကို စိစစ်ချွေတာ သုံးစွဲခဲ့ခြင်းကြောင့် လျော့နည်းခြင်းဖြစ်ပါသည်။

